# ဗိုလ်သန်းရွှေ – ဗိုလ်မောင်အေးနဲ့ ‘နအဖ’ များ သိစေဖို့
# ဗမာပြည်ကွန်မြူနစ်ပါတီပြောရေးဆိုခွင့်ရှိသူ၏ ထုတ်ပြန်ချက်
# (၄/၂၀၀၆)
# (၂၄ – ၃ – ၂၀၀၆)

(၁) ‘ဖက်ဆစ်တော်လှန်ရေးနေ့’တွင် ဗိုလ်သန်းရွှေ ဘာပြောမလဲဆိုတာ စောင့်ကြည့်နေပါသည်။ NLD ၏ ကမ်းလှမ်းချက်ကို ပယ်မလား။ လက်ခံမလား။ ဥပက္ခာပြုမလား။

(၂) မြစ်ကြီးနားတိုင်းမှူးကတော့မဆင်မခြင်ပြောနေတာ တွေ့ရသည်။ ဗိုလ်သန်းရွှေ၊ ဗိုလ်မောင်အေးတို့ရဲ့စကားကို ကိုးကားပြီး ပြောနေခြင်း ဖြစ်သည်။ ဘယ်လောက်ခိုင်မာသလဲဆိုတာတော့ မိမိတို့ မသိပါ။ သူပြောတာတွေ အမှန်ဖြစ်လျှင်ကား တိုင်းပြည်အတွက် အတိတ်နမိတ် မကောင်းပါ။

သူပြောတာတွေ ချုပ်လိုက်လျှင် –

- NLD ကိုရော ‘၈၈ မျိုးဆက်’ တွေကိုပါ အပြတ်ချတော့မည်ဟု အဓိပ္ပာယ်ထွက်သည်။
- ‘ငြိမ်းအဖွဲ့’ တွေကို အပြတ်ကိုင်တော့မည်ဟု အဓိပ္ပာယ်ထွက်သည်။

သူ့အနေအထားအရ ထိုသို့ပြောမည်ဆိုတာ မိမိတို့ ကြိုတင်တွက်ဆထားပြီး ဖြစ်သည်။ သူတို့ ‘တိုင်းမှူးကလေးတွေ’ က အာဏာအမွေကို ဆက်ခံရမည့် နန်းညွှန့်နန်းလျာတွေဟု သူတို့ကိုယ်သူတို့ အထင်ရောက်နေသည်။

သူ့ပြောစကားတွင် အတိအကျမပါသော်လည်း ထီးမွေနန်းမွေကို ဆက်ခံခွင့်ရှိသူ တခြားဗိုလ်ချုပ်များကို စောင်းမြောင်းပြီး စိန်ခေါ်နေတာ တွေ့ရသည်။ လျှာချော်ပြီး ပြောတာမဟုတ်။ တမင်စောင်းမြောင်းပြောနေတာမှန်း သိသာသည်။

ဗိုလ်ခင်ညွန့်သည် ကျားသေဖြစ်သည်။ ဗိုလ်ခင်ညွန့်ကို ပြောသလိုလိုနှင့် ‘နအဖ’ ဝန်ကြီးများ ‘ငြိမ်းအဖွဲ့’ များကို စိန်ခေါ်နေတာ တွေ့ရသည်။ သူ့ရှေ့က တိုင်းမှူးလုပ်သွားသူတွေကိုလည်း စိန်ခေါ်နေတာ တွေ့ရသည်။

မင်းတုန်းမင်း၏ နန်းညွှန့်နန်းလျာများ ထီးမွေနန်းမွေ လုခဲ့ကြတာကို ပြန်လည်မြင်ယောင်မိသည်။

(၃) မြောက်ပိုင်းတိုင်းသည် တရုတ်ပြည်၊ အိန္ဒိယပြည်တို့နှင့် တဆက်တစပ်တည်းရှိသော တခုတည်းသောတိုင်း ဖြစ်သည်။ မြစ်ကြီးနား တိုင်းမှူးကလေးက အမြော်အမြင်မရှိ ထင်ရာစွတ်ပြောနေတာကို သင်တို့ (ဗိုလ်သန်းရွှေ၊ ဗိုလ်မောင်အေးနဲ့ ‘နအဖ’ အဖွဲ့ဝင်များ) ခွင့်ပြုထားသလားဆိုတာ သိချင်သည်။

(၄) မြစ်ကြီးနားတိုင်းမှူးသည် အိမ်နီးချင်းတိုင်းပြည်များ အထူးသဖြင့် ထိုင်း (ယိုးဒယား) ကို ခဏခဏလှတ်တိုက်သည့် စကားပြောသည်။ ပြောရင်းလည်း တဖက်က အမေရိကန်ကို ကြောက်နေတာ တွေ့ရသည်။

ကိုယ့်ဗမာပြည်သားအချင်းချင်း ဗမာပြည်ပြဿနာကို ဖြေရှင်းနိုင်ပါလျက်နှင့် အာဏာမာန်ယစ်ပြီး ဇွတ်တိုးတာ မလုပ်သင့်ကြောင်း သတိပေးလိုသည်။

လွတ်လပ်ရေး ရပြီးကတည်းက အချင်းချင်းတိုက်နေကြရတာကို သင်တို့ သတိသံဝေဂ ရစေချင်သည်။

ဗကပ ကို ‘၆ လ’ အတွင်း အပြုတ်တိုက်နိုင်မည်ထင်ပြီး ၁၉၄၈ မတ်လက ဆုံးဖြတ်ချက် အချမှားခဲ့သည့်သင်ခန်းစာကို မမေ့သင့်ပါ။

ယခုလည်း သင်တို့ထင်ရာစိုင်းနိုင်ပြီထင်ပြီး ၁၉၄၈ က အဖြစ်မျိုးဖြစ်အောင် ထပ်မလုပ်သင့်ပါ။

နိုင်ငံတကာ့အခြေအနေ အများကြီး ပြောင်းခဲ့ပါပြီ။ ၁၉၄၈ က တရုတ်ပြည်မျိုး (ပြည်တွင်းစစ် ဖြစ်နေချိန်)၊ ၁၉၄၈ က အိန္ဒိယပြည်မျိုး (ပါကစ္စတန်ခွဲထွက်ကိစ္စ)၊ ၁၉၄၈ က အမေရိကန်ပြည်မျိုး (ဆိုဗီယက်နဲ့ပဋိပက္ခ) အခုအထိ ရှိနေသေးသည်ထင်လျှင် မှားလိမ့်မည်။ အဲဒီအချိန်က ကိုယ့်ကိစ္စနဲ့ကိုယ် ရှုပ်နေခဲ့ကြသည်။ ယခု ဒီအခြေအနေမျိုး မဟုတ်ပါ။

ဗမာပြည် နိုင်ငံရေးအင်အားစုများ၏ အခြေအနေသည်လည်း ပြောင်းလဲခဲ့ပါပြီ။

ဗိုလ်သန်းရွှေ၏ မတ်လ ၂၇ ရက်နေ့မိန့်ခွန်းကို စိုးရိမ်စိတ်အပြည့်ဖြင့် စောင့်ကြည့်နေပါသည်။